# ရန်ကုန်စီးပွားရေးတက္ကသိုလ်
# မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
# ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၃-၂၀၂၄) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

**မဟာဘွဲ့သင်တန်းများ**

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA) Online သင်တန်း

(ခ) လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှုပညာ မဟာဘွဲ့ (Master of Sustainable Entrepreneurship and Social Innovation_MSESI) (Hybrid) သင်တန်း

**ဘွဲ့လွန်ဒီပလိုမာသင်တန်းများ**

(က) စီမံအုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ(PGDMA) Online သင်တန်း

(ခ) လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (PGDHRM) Online သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။

(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ဃ) မဟာဘွဲ့သင်တန်းနှင့် ဘွဲ့လွန်ဒီပလိုမာ(PGDMA) သင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲနှင့် လူတွေ့အကဲဖြတ် စစ်ဆေးခြင်းတို့ကို လူကိုယ်တိုင် လာရောက် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(င) ဘွဲ့လွန်ဒီပလိုမာ(PGDHRM)သင်တန်းအတွက် လူတွေ့နှုတ်ဖြေ စာမေးပွဲသာ ဖြေဆိုရမည်ဖြစ်ပြီး၊ လူကိုယ်တိုင် လာရောက်ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

(စ) EMBA (Online) သင်တန်းအတွက် အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက် အနည်းဆုံး(၈)နှစ်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက် အနည်းဆုံး(၈)နှစ် နှင့် အသက်(၃၀)ပြည့်ပြီးသူဖြစ်ရမည်။

(ဆ) MSESI (Hybrid) သင်တန်းအတွက် အစိုးရ(သို့မဟုတ်) ပုဂ္ဂလိက(သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုခုတွင် လုပ်ငန်းခွင် လုပ်သက်အနည်းဆုံး (၂)နှစ် နှင့် အသက်(၂၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဇ) PGDMA (Online) သင်တန်းအတွက် အစိုးရ(သို့မဟုတ်) ပုဂ္ဂလိက(သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုခုတွင် အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုရာထူးတွင် လုပ်ကိုင်နေသူဖြစ်ရမည်။

(ဈ) PGDHRM (Online) သင်တန်းအတွက် အစိုးရ(သို့မဟုတ်) ပုဂ္ဂလိက(သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုခုတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနများတွင် သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင်ပါသည်။

| စဉ် | သင်တန်းအမည် | လျှောက်လွှာတင်သွင်းရမည့်ရက် | ရေးဖြေ ဖြေဆိုရမည့်ရက် | ဆက်သွယ်ရမည့် နယ်မြေ/ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | EMBA (Online) | (၂-၅-၂၀၂၃ မှ ၁၆-၆-၂၀၂၃) | (၂၅-၆-၂၀၂၃) တနင်္ဂနွေနေ့ | လှိုင်နယ်မြေ (၀၁ ၈၆၆၄၆၈၄) |
| ၂။ | MSESI (Hybrid) | (၁၉-၆-၂၀၂၃ မှ ၁၁-၈-၂၀၂၃) | (၂၀-၈-၂၀၂၃) တနင်္ဂနွေနေ့ | လှိုင်နယ်မြေ (၀၁ ၈၆၆၄၆၈၄) |
| ၃။ | PGDMA (Online) | (၂-၅-၂၀၂၃ မှ ၁၆-၆-၂၀၂၃) | (၂၅-၆-၂၀၂၃) တနင်္ဂနွေနေ့ | လှိုင်နယ်မြေ (၀၁ ၈၆၆၄၆၈၄) |
| ၄။ | PGDHRM (Online) | (၂-၅-၂၀၂၃ မှ ၂၃-၆-၂၀၂၃) | လူတွေ့နှုတ်ဖြေရက်- ၂၉-၆-၂၀၂၃ (ကြာသပတေးနေ့) | လှိုင်နယ်မြေ (၀၁ ၈၆၆၄၆၈၄) |

ဌာနမှူး(သင်တန်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်